# “အေအိုအေ” ကို ဖတ်ပြီးတဲ့နောက်

(၂၀၀၈ နိုဝင်ဘာ ၁၄)

“ဖတ်စရာမှတ်စရာကဏ္ဍ” အတွက် သက်ကြီးရွယ်အို နိုင်ငံရေးသမားကြီး ကိုသန်း (ကြည့်မြင်တိုင်) ရဲ့ “အေအိုအေ” ဆောင်းပါးကို ဖေါ်ပြလိုက်ပါတယ်။ ဒီဆောင်းပါးက “ချင်းတွင်းမဂ္ဂဇင်း” အမှတ် (၂၇) ဖွန်လ၊ ၂၀၀၈ ၊ စာမျက်နှာ (၁၅၀ - ၁၆၇) မှာ ဖေါ်ပြပါရှိပါတယ်။

ဆောင်းပါး ရည်ရွယ်ချက်အဖြစ် စာရေးသူက “လွတ်လပ်ရေးရပြီး ခေတ်တွင် အတိုက်အခံစုရှိ စတင်ဖြစ်ပေါ်လာရ ပုံကို မျိုးဆက်သစ်များ သိရှိနိုင်ကြစေရန် အကြမ်းဖျင်းဖေါ်ပြခြင်းဖြစ်ပါသည်” ဟု ရည်ညွှန်းထားပါတယ်။

မျိုးဆက်ဆိုတာဟာ ပင်လယ်လှိုင်းလုံးတွေလို အဆက်မပြတ်ဆက်တိုက် ပေါ်ထွန်းလာနေမှာပဲဖြစ်ပါတယ်။ ကိုယ် မျက်မှောက်ပြုနေရတဲ့၊ ဖြတ်သန်းကျော်လွှားနေရတဲ့ သမိုင်းခေတ်ကိုခံစားသိရှိပြီး အဲဒီ သမိုင်းခေတ်က လှုပ်ရှား တောင်းဆိုနေတဲ့ သမိုင်းခေတ် တာဝန်ကို ကိုယ်ပိုင်အသိနဲ့ ရွေးချယ်ထမ်းရွက်နိုင်မှသာလျှင်၊ သမိုင်းခေတ်ရဲ့တောင်းဆိုမှုကို တုန့်ပြန်နိုင်မှ သာလျှင် မျိုးဆက်လို့ ခေါ်ဆိုနိုင်မှာ ဖြစ်ပါတယ်။

ကိုသန်း (တကယ်တော့ ကျနော်တို့အဖိုးအရွယ်လောက်ရှိပါတယ်) က “အေအိုအေ”ဆောင်းပါးထဲမှာ လွတ်လပ်ရေး ရပြီး ပါလီမန် ဒီမိုကရေစီ ခေတ်ကာလရဲ့ အတွေ့အကြုံတွေနဲ့ ရင်ဆိုင် ကျော်လွှားခဲ့ကြရပုံတွေကို လက်ဆင့်ကမ်းထားတာပါ။ ချုပ်ပြောရရင် ကျနော်တို့ နောင်မျိုးဆက်များအတွက် ဆောင်ရန်ရှောင်ရန်တွေဖြစ်ပါတယ်။ ယူတတ်ရင် ယူတတ်သလောက် ရမယ်လို့ထင်ပါတယ်။ ကျနော်တို့ကတော့ ကိုသန်း လက်ဆင့်ကမ်းတဲ့ ကိုသန်းတို့ ခေတ်အတွေ့အကြုံတွေကို ကျနော်တို့ ကိုယ်တိုင် တွေ့ကြုံ ရင်ဆိုင်ဖြတ်သန်းကျော်လွှားနေရတဲ့ ကျနော်တို့ခေတ်ကာလလက်တွေ့ တွေနဲ့နှိုင်းယှဉ်လေ့လာခြင်းဟာ ပို ပြီးတော့ ရရှိချက်ကောင်းမယ်လို့ယူဆပါတယ်။

ဆောင်းပါးထဲမှာ ကိုသန်း က “အတိုက်အခံအဖြစ်ရေရှည်ရပ်တည်နိုင်ရန် လွတ်လပ်သော သတင်းစာ၊ လွတ်လပ်စွာ စည်းရုံးခွင့်၊ လှုပ်ရှားခွင့်၊ရေးသားခွင့်၊ ဟောပြောခွင့်များပြည့်စုံမှုဖြစ်မည်။ ထို့အပြင် လွတ်လပ်သောတရားစီရင်ရေးစနစ် လည်း ရှိရဦးမည်” တဲ့။

အထက်ပါအချက်များ ကျနော်တို့ရင်ဆိုင်ဖြတ်သန်းနေရသော (နဝတ- နအဖ) စစ်အစိုးရအုပ်စိုးမှု အောက်တွင် ရှိပါသလော။ ကျနော်တို့၏ ဖြတ်သန်းမှုက ခေါင်းရမ်း၍အဖြေပေးခဲ့ပြီ။ တစ်ခုချင်းစိစစ်ကြည့်ကြပါစို့။

အတိုက်အခံတွေရဲ့သဘောထားအမြင်နဲ့အာဘော်ကို ဖေါ်ပြနိုင်သော၊ ဖေါ်ပြဝံ့သော မည်သည့်သတင်းစာ၊ စာနယ်ဇင်းမျှ မရှိပါဘူး။ သတင်းစာဆရာ၊ သတင်းထောက်၊ စာရေးဆရာ၊ ကဗျာဆရာ၊ ဘလော့ဂါများနဲ့ အင်တာနက်သုံးစွဲသူများကို နှစ်ရှည်ထောင်ဒဏ်များချမှတ်နေပါတယ်။

လွတ်လပ်စွာစည်းရုံးခွင့်၊ လှုပ်ရှားခွင့်၊ ရေးသားခွင့်၊ ဟောပြောခွင့်များလည်း လုံးဝ မရှိပါဘူး။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အပါအဝင် တရားဝင်နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များဖမ်းဆီးထားခြင်းခံနေရပါတယ်။ နိုင်ငံရေး လှုပ်ရှားသူမှန် သမျှဖမ်းဆီး ခံထားရပါတယ်။ ဖမ်းဆီးနေဆဲဖြစ်ပါတယ်။

လွတ်လပ်သောတရားစီရင်ရေးစနစ်လည်းမရှိပါဘူး။

ယခုရက်ပိုင်းအတွင်းမှာပဲ နိုင်ငံရေးတက်ကြွလှုပ်ရှား သူများကို ၆၅ နှစ် ဆိုတဲ့ နှစ်ရှည်ထောင်ဒဏ်များ မတရား ချမှတ်ခဲ့ပါတယ်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများဘက်က ခုခံလျှောက်လဲပေးကြတဲ့ ရှေ့နေများကိုပင် အတင်းအဓမ္မ ဖိနှိပ်ထောင်ချနေတဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့်တရားရုံးနဲ့ တရားစီရင်ရေးစနစ်ဆိုတာဟာ (နအဖ)စစ်အစိုးရက စီရင်ချက်ချ သတ်မှတ်ပေးလိုက်တဲ့အတိုင်း ပြစ်မှု ပြစ်ဒဏ်များကို ဖတ်ကြား အသိပေးရတဲ့၊ မှတ်ပုံတင်ပေးရတဲ့ရုံးနဲ့ စနစ်ပဲဖြစ်ပါတယ်။ တရားစီရင်ရေးစနစ်နဲ့ ဥပဒေအထက်မှာ စစ်အာဏာရှင်စနစ်ရှိနေပါတယ်။ စစ်အာဏာရှင်စနစ် တည်ရှိနေသ၍ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ် မဖြစ်ထွန်းနိုင်ပါဘူး။

လွှတ်တော်ဆိုတာလည်းမရှိပါဘူး။ (နဝတ-နအဖ)စစ်အစိုးရပြဌာန်းထားတဲ့ ဥပဒေသတ်မှတ်ချက်နဲ့အညီလွှတ်တော် ခေါ်ပေးဖို့ တောင်းဆိုတော့လည်း တောင်းဆိုသူ လွှတ်တော်အမတ်များမှာ ဖမ်းဆီးထိန်းသိမ်းခြင်းခံရပါတယ်။ အချို့ ပြည်ပ ထွက်ပြေးရပါတယ်။ ထောင်ထဲမှာ သေသူသေရပါတယ်။လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှအတင်းအဓမ္မနုတ်ထွက်ခိုင်းပါတယ်။

ဒီတော့ နိုင်ငံရေးသမားအမြောက်အများ (၂၁၄၇) ဖမ်းဆီးထားရတာ၊ ၁၀၅ နှစ်၊ ၆၅ နှစ် စတဲ့ နှစ်ရှည် ထောင်ဒဏ်တွေ ချမှတ်ထားရတာတွေဟာ (နဝတ-နအဖ)စစ်အစိုးရခေတ်ရဲ့ထင်ရှားပေါ်လွင်တဲ့ ဝိသေသလက္ခဏာချက်တွေ ပဲဖြစ်ပါတယ်။ တမျိုးသားလုံး လူညွန့်တုန်းစေတဲ့ ဘိန်းဖြူချက်လုပ်ရောင်းဝယ်တဲ့ ဘိန်းဘုရင်ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးနိုင်ပြီး၊ နိုင်ငံရေးလှုပ်ရှားမှုမှာပါဝင်တဲ့ ကျောင်းသားလူငယ်တွေကိုတော့ အပြုံးတကြီးနဲ့ နှစ်ရှည် ထောင်ဒဏ်တွေ ချမှတ်ပါတယ်။ စစ်အာဏာရှင်စနစ်ဆိုတာ ဒါပါပဲ။ ဒီလိုဖြစ်ရပ်မျိုး ကိုသန်းတို့ ခေတ်မှာ မရှိပါဘူး။

ကိုသန်းကလည်း သူတို့ခေတ်မှာ ပြူစောထီးလည်း ကြောက်ရသည်။ ပုဒ်မ(၅) ၊ ပုဒ်မ(၁၇) (က) (ခ) မတရား သင်းဖြင့် ဆက်သွယ်သည်ကို အရေးယူသည့် ဥပဒေအပြင် အခြားဥပဒေပုဒ်မအမျိုးမျိုးဖြင့် ဖဆပလ အစိုးရက နှိပ်ကွပ်သဖြင့် အတိုက်အခံများ ဥပဒေတွင်း ရပ်တည်နိုင်သည့် ဘောင်သည် တဖြည်းဖြည်း ကျဉ်းမြောင်းသေးကျုံ့လာသည်၊ ကျေးလက်တော ရွာများသို့ စည်းရုံးရေး ဆင်းပင်ခက်ခဲလာသည်” ဟု ဖော်ပြထားပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတော့ ဌာနချုပ်ရုံးမှတပါး ကျန်ပြည်နယ်၊တိုင်း၊မြို့နယ်၊ ရပ်ကျေးရုံးများပိတ်ပင်ခံ ထားရသည်မှာ ဒီပဲယင်းအကြမ်းဖက်မှု နောက်ပိုင်းက စတင်ပါတယ်။ ဒီပဲယင်းအကြမ်းဖက်မှုဆိုတာဟာ ကိုသန်းတို့ခေတ်က မင်းလှလေးလောင်းပြိုင်လူသတ်မှု၊ မြိတ်လူသတ်မှုများ နဲ့နှိုင်းယှဉ်လို့ရတဲ့ အကြမ်းဖက်ရမ်းကားမှုပဲဖြစ်ပါတယ်။

ကိုသန်းက ဥပဒေတွင်းရပ်တည်ရခက်ခဲမှုနဲ့ပတ်သက်ပြီး “ယင်းသို့ ခက်ခဲသောအနေအထားတွင် ဥပဒေတွင်း အတိုက်အခံ အဖြစ်ရပ်တည်ရသည်မှာ လွယ်မယောင်နှင့်ခက်သည်။ White Terror ခေါ် အဖြူရောင်နယ်မြေ အကြမ်းဖက် အုပ်စိုးမှုအောက်တွင် အတိုက်အခံလုပ်ရခြင်းသည် အသက်ကိုဖက်နှင့်ထုပ် လုပ်ကိုင်ရသကဲ့သို့ပင်။ သူတင်ကိုယ်တင် လက်နက်ကိုင်တိုက်ရသည်က  မိမိကိုယ်တိုင် လက်နက်ကိုင်ခုခံနိုင်စွမ်းရှိသေးသည်။ အင်အားကြီးသည်၊ ငယ်သည် ရှုံးသည်၊ နိုင်သည်က တစ်ကဏ္ဍ။ ဥပဒေတွင်း တိုက်ပွဲဝင် သူတို့ကတော့ ဖဆပလအုပ်စိုးသူလက်ခုပ်ထဲကရေ။ သွန်လိုသွန် မှောက်လို မှောက် လုပ်သမျှခံရသည်။ အာဏာရှိသူတို့ပြုသမျှ နရသည့် အခြေအနေ” ဟု ဖော်ပြထားပါတယ်။

(နဝတ- နအဖ)စစ်အစိုးရ လက်အောက် ဥပဒေတွင်းတိုက်ပွဲဝင်သူတို့ အခြေအနေကလည်း စစ်အစိုးရ၏ အဖြူရောင် နယ်မြေ အကြမ်းဖက် အုပ်စိုးမှုအောက်တွင် လုပ်နေရခြင်း ဖြစ်ပါတယ် ။ (နဝတ-နအဖ) စစ်အစိုးရပြုသမျှ နရသည့် အခြေအနေမျိုးပင် ဖြစ်ပါတယ်။  ဖဆပလ ခေတ်က ဦးကံ လို တရားသူကြီးရှိနေ၍ တော်သေးသည်ဟုပြောရမည် ထင်ပါတယ်။ (နဝတ- နအဖ) စစ်အစိုးရခေတ်မှာတော့ ဦးကံ  လို တရားသူကြီးမရှိချေ။ တရားခံဘက်ရှေ့နေကို ထောင်ချနေသည့် အနေ အထားဖြစ်ပါတယ်။  တရားရေးမဏ္ဍိုင် ကားဘုန်းဘုန်းလဲကျနေပါတယ်။

ကိုသန်းတို့ခေတ် နိုင်ငံရေးပါတီများ မဟာမိတ်ဖွဲ့ကြရသည့် အနေအထားကလည်း စိတ်ဝင်စားစရာ ကောင်းပြီး ဗဟုသု ရပါတယ်။ ကျနော်တို့ဖြတ်သန်းရသည့် (နဝတ-နအဖ) ခေတ်မှာတော့ ခွန်ထွန်းဦး၊ စိုင်းညွှန့်လွင်၊ ဦးဆေထင်တို့ နှစ်ရှည်ထောင်ဒဏ်များ ကျခံရပြီး ကိုမြင့်သန်း သံတွဲအကျဉ်းထောင်ထဲတွင် သေဆုံးရပါတယ်။ ဘဘဦးရွှေအုံးလည်း အကျယ်ချုပ် ချခံရပါတယ်။ အပစ်ရပ် တိုင်းရင်းသားအင်အားစုများမှာ တောတွင်း၌ရှိစဉ်က မဟာမိတ်တပ်ပေါင်းစုများတွင် စုပေါင်း ဆောင်ရွက်ခွင့်ရခဲ့ကြသော်လည်း အပစ်အခတ်ရပ်စဲပြီး မြို့ပေါ်ရောက်မှ အချင်းချင်းတွေ့ဆုံရေးအတွက် (နဝတ-နအဖ) ထံခွင့် တောင်းနေရပါတယ်။

နောက်ဆုံးတစ်ခုပြောချင်တာကတော့ ကိုသန်းတို့ခေတ်မှာလည်း ဥပဒေတွင်းတိုက်ပွဲက အဓိကလား၊လက်နက်ကိုင် တိုက်ပွဲက အဓိကလား ဆိုတဲ့ ကိစ္စဖြစ်ပါတယ်။

ကိုသန်းက “၁၉၅၆ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲနှင့် ဖဆပလအတွင်း သန့်ရှင်းတည်မြဲနှစ်ခြမ်းကွဲကာ လွှတ်တော်တွင်း မဲခွဲကြပြီးနောက် မြန်မာ့နိုင်ငံရေး၏ ဗဟိုချက်မသည် ဥပဒေတွင်းတိုက်ပွဲ တနည်းအားဖြင့် ဒီမိုကရေစီရေး တိုက်ပွဲဖြစ်လာခဲ့ပါသည်” ဟု ကိုသန်း က အကဲဖြတ် အဆုံးသတ်ကာ တစ်ခန်းရပ်ထားပါတယ်။

ဒီနေရာမှာ အချက် ၂ ခုထောက်ပြချင်ပါတယ်။

ပထမတစ်ချက်က ၁၉၅၆ ခုနှစ် အထွေထွေရွေးကောက်ပွဲပြီးနောက် ၂ နှစ်အကြာ ၁၉၅၈ မှာ စစ်တပ်က အိမ်စောင့် အစိုးရ ဆိုတဲ့ နာမည်နဲ့ အာဏာသိမ်းခြင်းဆိုတဲ့အချက်ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ ဖဆပလအတွင်း သန့်ရှင်းတည်မြဲနှစ်ခြမ်းကွဲကာ လွှတ်တော်တွင်း မဲခွဲ(ကျနော်တို့ မှတ်သား မိသည်မှာ ပမညတ၏ မဲ ၄၄ နဲ့သန့်ရှင်းဖဆပလကအနိုင်ရခြင်းဖြစ်ပါတယ်၊ ကိုသန်းက ၄၈ မဲ ဟုဆိုပါတယ်) ကြသည့် (၁၉၅၈ ဇွန်လ ၉ ရက်) နောက် ၄ နှစ်အကြာတွင် တော်လှန်ရေးကောင်စီအမည်တပ်ပြီး စစ်တပ်အာဏာသိမ်းလိုက်ခြင်း ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ပါလီမန် ဒီမိုကရေစီစနစ်ရော၊ ၁၉၄၇ အခြေခံဥပဒေကိုပါ အာဏာသိမ်းစစ်တပ် ကဖျက်သိမ်းလိုက်ခြင်းဖြစ် ပါတယ်။ ဒီအချက်တွေကိုပါ ထည့်တွက်ပြီး ကောက်ချက်ချရပါမယ်။

ဒီလိုအချက်တွေကို ထည့်သွင်းစဉ်းစားပြီး ကောက်ချက်ချမယ်ဆိုရင် “မြန်မာ့နိုင်ငံရေး၏ ဗဟိုချက်မှသည် ဥပဒေတွင်း တိုက်ပွဲဖြစ်လာခဲ့ပါသည်” ဆိုတဲ့ကောက်ချက်ကိုပြန်လည်စဉ်းစားပြင်ဆင်ဖို့လိုအပ်မှာလဲဖြစ်ပါတယ်။ ဒီနေရာမှာ ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာ အဖြစ်ပြဌာန်းလိုက်တဲ့အတွက် နောက်ဆက်တွဲ လှုပ်ရှားပေါ်ထွက်လာတဲ့ ကေအိုင်အို လှုပ်ရှားမှုကိုလည်း ထည့်သွင်း စဉ်းစားရမယ်လို့ ထင်ပါတယ်။

သေချာတာကတော့ မေလ ဆန္ဒခံယူပွဲ နောက်ပိုင်းကစလို့ စစ်အစိုးရရဲ့ဖိနှိပ်ဖမ်းဆီးမှုတွေက ပိုပြီး တိုးမြင့်လာတာနဲ့ ဥပဒေတွင်း လှုပ်ရှားမှုမှန်သမျှကို ပိုပြီး တင်းတင်းကြပ်ကြပ် ဖိနှိပ်လာတွေကြောင့်(နအဖ)စစ်စိုးရရဲ့ “ဥပဒေဘောင်အတွင်း လှုပ်ရှားမှု” ဟာပိုပြီး

အကန့် အသတ်ရှိလာတာကြောင့် လက်နက်ကိုင်တိုက်ပွဲနည်းကို Option တစ်ခုအနေနဲ့ထားဖို့လိုကို လိုအပ်တယ် ဆိုတဲ့ ကောက်ချက်ဟာ ကျနော်တို့ရဲ့ရှေ့ကိုရောက်လာပါတော့တယ်။

အထက်မှာတင်ပြခဲ့တာတွေကတော့ ကိုသန်းရဲ့ "အေအိုအေ"ကို ဖတ်ပြီးနောက် ကျနော်တို့ ဖြတ်သန်းမှုနဲ့နှိုင်းယှဉ် လေ့လာရရှိသမျှပဲဖြစ်ပါတယ်။ ခင်ဗျားတို့ဖတ်ပြီးလို့ ရရှိလာမယ့် ရရှိချက်တွေနဲ့ဖလှယ်ကြရအောင်လား ခင်ဗျာ။ ။

တူမောင်ညို